ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ
UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# ညီညွတ်သောတိုင်းရင်းသားလူမျိုးများကောင်စီ အရေးပေါ် ကောင်စီအစည်းအဝေး

## ထုတ်ပြန်ကြေငြာချက်

နေ့စွဲ - ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁၁) ရက်

၁။ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ၏ အရေးပေါ်ကောင်စီအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၇) ရက်နေ့မှ (၁၀) ရက်နေ့အထိ ကိုယ်စားလှယ်ပေါင်း (၃၁) ဦးပါဝင်တက်ရောက်ခဲ့ကြပြီး ထိုင်းမြန်မာ နယ်စပ်တနေရာတွင် အောင်မြင်စွာကျင်းပခဲ့ပါသည်။

၂။ တပြည်လုံးအပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ ကြိုတင်ဆောင်ရွက်ထားပြီးဖြစ်ရမည့်အချက်များ၊ သဘောတူ စာချုပ်တွင်အဓိကပါဝင်ရမည့်အချက်များနှင့် ပါဝင်လက်မှတ်ရေးထိုး၍တာဝန်ခံကြရမည့် ပုဂ္ဂိုလ်များစသည့် အပိုင်း (၃) ပိုင်း ပါဝင်သောအချက်များကို သဘောတူချမှတ်ခဲ့သည်။

၃။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်နှင့်ပတ်သက်၍ အဓိကအချက်များကိုလည်း ထပ်လောင်းအတည်ပြုခဲ့သည်။

၄။ တပြည်လုံးအပစ်အခတ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းခေါင်းဆောင်များ စုံစုံညီညီပါဝင်တက် ရောက်ကြမည့် ထိပ်သီးအစည်းအဝေးတရပ်ကျင်းပရန် ဆုံးဖြတ်ခဲ့ပါသည်။

၅။ တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီသည် အမျိုးသားတန်းတူရေးကိုအခြေခံ၍ စစ်မှန်သောဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးကို တစိုက်မတ်မတ်ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။

ဆက်သွယ်ရန် -

(၁) ပဒိုဒေးဗစ်သာကပေါ (ဒုတိယ ဥက္ကဋ္ဌ-၂) ဖုန်း - ၆၆ (၀) ၉၀၄ ၅၆၇ ၀၉၅

(၂) နိုင်ဟံသာ (အထွေထွေအတွင်းရေးမှူး) ဖုန်း - ၆၆ (၀) ၈၃၃ ၁၄၃ ၀၇၆